# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.4, N0.3

MARCH 2025


## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်






ဖေဖော်ဝါရီလ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအတွက် ရှေ့လုပ်ငန်းစဉ်မူဘောင်၊ နှစ်စဉ် လုပ်ငန်းစီမံချက်တို့ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ လူ့အခွင့်အရေး အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် ဘာသာ ပေါင်းစုံ၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဟူသော အဖွဲ့၏ ရည်ရွယ်ချက်ကို အထောက်အကူ ပြုနိုင်ရန်တို့ကို ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ တစ်ရပ်ကို ကော်မရှင်၏ ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ၁၁-၂-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်မှ ၁၇:၀၀ နာရီအချိန်ထိ တိုင်းရင်းဆေးပညာဦးစီးဌာနခန်းမဆောင်၊ ပရဆေးဥယျာဉ်ခြံ၊ ပျဉ်မနား-တောင်ညိုလမ်းမကြီး၊


စာ ၅




အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာသွားရောက်ပို့ချ


စာ ၅၊ ၆




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူးနှင့် ဘုရင့်နောင်) တို့၌ သင်ခန်းစာ ပို့ချ


စာ ၈




အရေးကော်မရှင်မှ မန္တလေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း


စာ ၁၀




နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ


စာ ၁၁




ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ


စာ ၁၁




ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူး ချုပ် တက်ရောက်ခြင်း


https://mnhrc.org.mm/publication/e-Newsletter

နေပြည်တော် ကောင်စီနယ်မြေ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း/ အမှုထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) မှ ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) မှ ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်း (၁၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြား၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) ဥက္ကဋ္ဌမှ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆ အကြောင်းနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက် ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့်အရေး အမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပေါ်ပေါက်လာပုံနှင့်ကြေညာစာတမ်းပါလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်တို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများမှ မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြပြီး ရှင်းလင်းဆွေးနွေးပွဲကို ၁၇:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် (၂/၂၀၂၅)

ဖေဖော်ဝါရီလ ၆ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်အမှတ် (၁၆/၂၀၂၅) ဖြင့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၈) ဦး ပါဝင်သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံသားများ၏ လူ့အခွင့်အရေးများ တိုးတက်ဖော်ဆောင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန် နှင့် အနှစ်သာရများ ပြည့်ဝစေရန် ရည်သန်လျက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းမှု အသွင်သဏ္ဌာန်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ဖွဲ့စည်းရပ်တည်လျက်ရှိသော ကော်မရှင်သည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကလုပ်ငန်းတာဝန်များဖြစ်သော ပြည်သူများအား လူ့အခွင့်အရေး ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး

မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင် ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့ အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့် အရေးယန္တရားများ နှင့် ထိတွေ့ဆောင်ရွက်ခြင်းစသည့် ကျယ်ပြန့်သိမ်မွေ့သော တာဝန်နှင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကော်မရှင်သည် နိုင်ငံသားများ၏ အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လုပ်ငန်းများ ထိရောက်စေရန် အလို့ငှာ ရှေ့လုပ်ငန်းစဉ် မူဘောင် (The Framework of Action Plan) တစ်ရပ်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ရေးဆွဲချမှတ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းမူဘောင်နှင့် စီမံချက်တို့တွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်တန်ဖိုးများကို အများပြည်သူ သိရှိနားလည်မှု တိုးမြှင့်စေရန်၊ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများ လျော့ပါးစေရေးအတွက် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို နည်းလမ်း တကျဆောင်ရွက်ရန်၊ တည်ဆဲဥပဒေများ ပြင်ဆင်ခြင်းနှင့် ဥပဒေကြမ်းများ ရေးဆွဲခြင်းတို့တွင် လူ့အခွင့်အရေးစံများ ထည့်သွင်းစဉ်းစားလာစေရန်၊ နိုင်ငံတော်မှ ပါဝင်ချုပ်ဆိုခြင်း မပြုရသေးသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များကို လေ့လာသုံးသပ်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး ယန္တရားများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးခွဲ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် email လိပ်စာဖြစ်သော protection @mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်။ ကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ကော်မရှင်သည် နိုင်ငံတော်၏ လူ့အခွင့်အရေး အခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ လိုအပ်ပါက လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၇။ ကော်မရှင်သည် လူ့အခွင့်အရေးကိုပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**






## (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၁၂ ရက်

၁၂-၂-၂၀၂၅ ရက်နေ့၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ၂၀၂၅ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အလံအလေးပြုပွဲနှင့်သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား၊ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

ဖေဖော်ဝါရီလ ၃ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ကို ၃-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။




## ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်ရုံးဝန်ထမ်းများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားခြင်း



ဖေဖော်ဝါရီလ ၃ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၁-၁-၂၀၂၅ ရက်စွဲပါအမိန့်အမှတ် ၁၆/၂၀၂၅ ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ရာ အဆိုပါဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တွေ့ဆုံမိတ်ဆက်သည့် အခမ်းအနားကို ၃-၂-၂၀၂၅ ရက်နေ့ ၁၅:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မိတ်ဆက်အမှာစကား ပြောကြားပါသည်။ ထို့နောက်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင်၊ ဦးကျော်မြင့်၊ ဦးဝင်းလှိုင်ဦး(ခ) ကုန်ဇမ္မုန်း၊ ဦးသန်းဝင်းနှင့် ဦးတင်ကိုကိုတို့မှ တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပါသည်။ ထို့နောက် ဝန်ထမ်းများမှ တင်ပြလိုသည့် အချက်များအား တင်ပြဆွေးနွေးစေခဲ့ပြီး တွေ့ဆုံပွဲကို ၁၆:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဖေဖော်ဝါရီလ ၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄)/ လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြို သင်တန်းအမှတ်စဉ် (၁/ ၂၀၂၅) သို့ ၃-၂-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၅၅ ဦး၊ သင်တန်းသူ ၈၄ ဦး စုစုပေါင်း ၁၃၉ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာ ပို့ချ



ဖေဖော်ဝါရီလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၂၄၊ ၁၂၅) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၇) တို့သို့ ၅-၂-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့ လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၄၄၊ ၁၄၅) ၌ သင်တန်းသားဦးရေ ၁၁၂ ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ်(၂၂၇)၌သင်တန်းသားဦးရေ၈၉ဦး၊စုစုပေါင်း သင်တန်းသားဦးရေ ၂၀၁ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ




ဖေဖော်ဝါရီလ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၇၊ ၁၀၈) သို့ ၆-၂-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၇၊ ၁၀၈) စုစုပေါင်း သင်တန်းသားဦးရေ ၁၆၅ ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း

ဖေဖော်ဝါရီလ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီအစည်းအဝေးကို ၇-၂-၂၀၂၅ ရက်နေ့၊ ၁၅:၀၀ နာရီအချိန် Conference Room တွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီဥက္ကဋ္ဌကော်မရှင်အဖွဲ့ဝင်ဦးကျော်မြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင် အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ဦးသန်းဝင်း၊ ကော်မတီအတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ သက်ဆိုင်ရာ ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့မှ အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းများမှ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်



ဆောင်ရွက်ရန်ကျန်ရှိမှုများကို အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးသူရကျော်က တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်အရ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ၁၆:၂၅ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံး Pension Program ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

ဖေဖော်ဝါရီလ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် Code X Co., Ltd တို့ ပူးပေါင်းဆောင်ရွက်သည့် ကော်မရှင်ရုံး Learning Management System Pension Program ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ၁၀-၂-၂၀၂၅ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ Code X Co., Ltd မှ Pension Program ရေးဆွဲရေး ပညာရှင်များ၊ ကော်မရှင်ရုံးဘဏ္ဍာရေးဌာနခွဲမှ ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယအကြိမ်မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပပြုလုပ်ခြင်း



ဖေဖော်ဝါရီလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး မိသားစုများ၏ ဒုတိယအကြိမ်မြန်မာ့ ရိုးရာထမနဲထိုးပြိုင်ပွဲကို ၁၄-၂-၂၀၂၅ ရက်နေ့၊ ၁၄:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အဆောက်အဦ အမှတ်(၁) ၃ ထပ်ဆောင်ရှေ့ လေဟာပြင်တွင် ကျင်းပပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်ဇနီး ယခင်ကော်မရှင်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သော သံအမတ်ကြီး (ငြိမ်း) ဦးဝင်းမြနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်(ငြိမ်း) များဖြစ်ကြသည့် ဒေါက်တာဒေါ်သန်းနွဲ့၊ ဦးယုလွင်အောင်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး အရာထမ်း/အမှုထမ်းများ စုံညီစွာပါဝင်တက်ရောက် ဆင်နွှဲခဲ့ပါသည်။

ထမနဲထိုးပြိုင်ပွဲတွင်ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာ တပို့တွဲလသည် ဆောင်းရာသီ၏နောက်ဆုံးလ၊ အအေးဆုံးလဟု အဆိုရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင် တပို့တွဲလပြည့်နေ့နှင့် ပြည်ထောင်စုနေ့သည် တစ်ရက်တည်း တိုက်ဆိုင်ခဲ့ပါကြောင်း၊ နှာရည်ယိုရှဲ တပို့တွဲဟု ခေါ်ဆိုလေ့ရှိပါကြောင်း၊ ယခုတပို့တွဲလသည် ကော်မရှင်အသစ်ဖွဲ့စည်း တာဝန်ပေးအပ်သည့် ကာလနှင့်လည်း တိုက်ဆိုင်မှုရှိခဲ့ပါကြောင်း၊ နက္ခတ်အရ ကုန်ရာသီ မာဃနက္ခတ်နှင့် စမ်းယှဉ်သောကာလဖြစ်သည့်အပြင် နေစကြာဝဠာတွင် ထူးထူးခြားခြား အဓိကဂြိုလ်ကြီးများ ယှဉ်တန်းတွေ့မြင်ရသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ဩဝါဒပါတိမောက်အခါတော် ကာလလည်းဖြစ်ပါကြောင်း၊ ပါဠိဘာသာဖြင့်“ပါတိ” ဟုခေါ်သော ကျဆုံးခြင်းမှ “မောက္ခ” ဟုခေါ်သော လွတ်မြောက်ခြင်းဖြစ်အောင် “ဩဝါဒ” ဟုခေါ်သော အဆုံးအမပေးအခါတော်ကာလ ဖြစ်သည်နှင့် အညီ ကျဆုံး



ခြင်း၊ ဆုံးရှုံးခြင်းများမှ လွတ်ကင်းအောင်မြင်အောင် ကြိုးစားစွမ်းဆောင်ကြရန် အဆုံးအမရှိသည်နှင့်အညီ ထမနဲပွဲအား စည်းစည်းလုံးလုံး ကြိုးကြိုးစားစား စည်းကမ်းရှိရှိ ယှဉ်ပြိုင်ခြင်းဖြင့် ဖော်ဆောင်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ကော်မရှင်ရုံးဌာန (၆) ခုမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်းထားသော အသင်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက အားပေးခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ကော်မရှင်ရုံး ဝန်ထမ်းများခန့်အပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း




ဖေဖော်ဝါရီလ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးအတွက် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများအတွက် စိစစ်ရွေးချယ် ခန့်ထားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၁၈-၂-၂၀၂၅ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်မြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးသန်းဝင်း၊ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သည့် အရာထမ်းများ၊ အထောက်အကူပြု အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ဦးစီးအရာရှိ ရွေးချယ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ဦးစီးအရာရှိ ရွေးချယ်ရေးအဖွဲ့၊ အတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (၅) နေရာ၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး (၃) နေရာနှင့် အငယ်တန်းစာရေး (၇) နေရာအတွက် လာရောက် ပြင်ပမှလျှောက်ထားသည့် ဦးရေ၊ ကော်မရှင်ရုံးအတွင်းမှ ဝင်ရောက်လျှောက်ထားသည့်ဦးရေ၊ လိုအပ်သည့် အမှတ်ပေးဇယားများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား၊ အရည်အချင်းစစ်ဆေးရေး ရေး/ဖြေနှင့် နှုတ်ဖြေဆောင်ရွက်မည့်အခြေအနေများ၊ ကွန်ပြူတာလက်တွေ့စစ်ဆေးမည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဦးစီးအရာရှိ ရွေးချယ်ရေးအဖွဲ့၊ အဖွဲ့ဝင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမြင့်သူမြိုင်နှင့် ဦးဝင်းလှိုင်ဦးတို့က ရေး/ဖြေစာမေးပွဲတွင် ဖြေဆိုရမည့်မေးခွန်းလွှာများ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဦးစီးအရာရှိရွေးချယ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးကျော်မြင့်က နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေးကို ၁၂:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မန္တလေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း



ဖေဖော်ဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့များတွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်အား သွားရောက်ကြည့်ရှု



စစ်ဆေးခဲ့ပါသည်။

မန္တလေးဗဟိုအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ သက်မွေးဝမ်းကျောင်းပညာသင်ကြားပေးသည့် အလုပ်ရုံများ၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ ထောင်တွင်းစာသင်ကျောင်း၊ အချုပ်ဆောင်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်များ၊ မိလ္လာများနှင့် သုံးရေကန်များစသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

မန္တလေးဗဟိုအကျဉ်းထောင်အားကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/သူ၊ အချုပ်သား/သူ စုစုပေါင်း ၈၆ ဦးကို တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

မန္တလေးဗဟိုအကျဉ်းထောင်အားကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/သူ၊ အချုပ်သား/သူတစ်ဦး၏ အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အကျဉ်းသား၏ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု အခြေအနေ၊သန့်ရှင်းသောသောက်ရေပေးဝေမှုနှင့်ချိုးရေသုံးရေလုံလောက်စွာရရှိစေရန်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှု အခြေအနေ၊ အကျဉ်းသား/သူများအား အကျဉ်းထောင် ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ စသည်တို့ကို မေးမြန်းခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကိုကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

---

SUSTAINABLE DEVELOPMENT GOALS

၅ ကျား-မ တန်းတူညီမျှရှိရေး

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (5) Gender Equality

ပန်းတိုင် (၅) ကျား-မ တန်းတူညီမျှမှုရရှိရေး နှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအားလုံးစွမ်းပကား တိုးမြှင့်စေရေး။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဖေဖော်ဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် ၂၀-၂-၂၀၂၅ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှုမရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ် (၂)၊ (၂)ထပ်ဆောင်နှင့် ဌာန(၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၁) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၆) တို့သို့ ၂၄-၂-၂၀၂၅ ရက်နေ့ ၀၉:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းများတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း၊ ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှုအကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားအကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်း စသည့် ဘာသာရပ်များ ပို့ချခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း



အမှတ်စဉ် (၁၁) ၌ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ၆ ဦး စုစုပေါင်း ၂၀ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၆) ၌ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျန်းမာရေး ဆေးစစ်မှုခံယူခြင်း

ဖေဖော်ဝါရီလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်တို့အား ၂၀၂၅ ခုနှစ်၊ ပထမ (၆) လပတ်အတွက် ဆေးစစ်မှုခံယူခြင်းကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် နား၊ နှာခေါင်း၊ လည်ချောင်းဆေးစစ်မှု ခံယူခြင်းကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မျက်စိစမ်းသပ်စစ်ဆေးမှုကိုလည်းကောင်း စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။



## ဥပဒေအသိပညာ ပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲ ကျင်းပခြင်း

ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေး အစီအစဉ်အရ “ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲ” ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ Hybrid System ဖြင့် ၂၄-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း

ဖေဖော်ဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၅) ကို ၂၈-၂- ၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။



## ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း

ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အမှတ်စဉ် (၂/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ၁၁:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိအရာထမ်း/အမှုထမ်းများက ယင်းတို့၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၅၄ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၂:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် Hotel Amara (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော “ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း” သို့ ၂၇-၂-၂၀၂၅ ရက်နေ့၊ ၁၄:၄၅ နာရီမှ ၁၆:၃၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်း၌ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေး ရှုထောင့်မှ သုံးသပ်ဆွေးနွေး ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ထိရောက်သော လူထုဆက်ဆံရေးအတွက်အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြုလုပ်သည့် ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေး

ဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ Horizon Lake View Hotel တွင် တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးပွဲ လေ့လာသူအဖြစ် တက်ရောက်သည့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်များရောင်းချပေးခြင်း

ဖေဖော်ဝါရီလ ၂၈ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၈-၂-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ်ပေါ်ဆန်း (၅၃) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၂၅၀၀ိ/- ကျပ်နှုန်း) ၊ ညှော်မထ (၆၇) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၁၄၅၀၀ိ/- ကျပ်နှုန်း) အား ဝယ်ယူ၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရောင်းချပေးခဲ့ပါသည်။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စုစုပေါင်း တိုင်တန်းချက် (၃၄) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင် စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းအဝေး (၄) ကြိမ်ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၂) စောင် ကို သက်ဆိုင်ရာ ဝန်ကြီးဌာန သို့လည်းကောင်း၊ တိုင်တန်းချက် (၄) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၂၅) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

*****

# ENGLISH SECTION

Vol. 4, No. 3, MARCH 2025

## Conducting Human Rights Awareness Raising Talk

February 11

In accordance with Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is dedicated to raising public awareness about human rights through the dissemination of information and public education. In order to implement the 2025 Framework for Action and the Annual Work Plan, to further enhance the understanding of human rights among the executive members of the Republic of the Union of Myamar Interfaith Dialogue Organization (Nay Pyi Taw), and to support the organization's goal of promoting cooperation and solidarity in public welfare efforts, a human rights awareness seminar was held as part of the Commission's implementation of the 2025 at the Department of Traditional Medicine Hall, Botanical Park, Pyinmana-Taungnyo main road, Nay Pyi Taw Council area on February 11, 2025, from 14:00 to 17:00. The event was attended by U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission, along with fellow commissioners, officers, and staff; U Wunna Chairman of the Union of Myanmar Interfaith Dialogue Organization (Central), U Myo Aung, Chairman of the Union of Myanmar Interfaith Dialogue Organization (Nay Pyi Taw), Vice-Chairmen, executive members, and about 100 other guests.

During the opening ceremony, the Chairman of the Myanmar National Human Rights Commission delivered the keynote address. The Chairman of the Republic of the Union of Myanmar Interfaith Dialogue Organization (Nay Pyi Taw) then expressed gratitude for the talk. Director U Zaw Lwin Htoo subsequently presented on the fundamental concepts of human rights, exploring their broad interpretations, characteristics, categories and shared insights into the history of the Universal Declaration of Human Rights, particularly focusing on the right to freedom of religion as specified in the Declaration. Additionally, Deputy Director Daw Mi Mi Khaing discussed the establishment and activities of the Myanmar National Human Rights Commission. The session concluded with a Q&A and discussion period, wrapping up at 17:00.

## Myanmar National Human Rights Commission Statement No. (2/2025)

February 6

1. The State Administration Council issued Order No. 16/2025 on 31 January 2025, to constitute the Myanmar National Human Rights Commission (MNHRC) with a Chairperson and eight members.

2. The MNHRC was initially established on 5 September 2011, under Union Government Notification No. 34/2011, with the aim of promoting human rights and ensuring a comprehensive and effective transition to a democratic state. To align with the international standards for National Human Rights Institutions (NHRIs) and to ensure a firm and sustainable Commission, the Myanmar National Human Rights Commission Law was enacted as Law No. 21/2014 by the Pyidaungsu Hluttaw on 28 March 2014.

3. As an institution established under the MNHRC Law, the Commission carries out its mandate and responsibilities in accordance with legal provisions. The primary functions of the Commission include promoting human rights education and awareness among the public; protecting against human rights violations; advising the government on ensuring that national laws comply with international human rights treaties; recommending the ratification of additional international human rights conventions that the State should become a party to; and engaging not only with government bodies, civil society organizations (CSOs) but also with regional and international human rights mechanisms.

4. In order to effectively implement its mandate, the Commission will develop a Framework of Action Plan and an Annual Operational Plan in line with its legal objectives. These plans will focus on enhancing public awareness of fundamental human rights principles and values; handling and monitoring complaints related to human rights violations; systematically conducting inspections of places of confinement, as well as other necessary locations; ensuring the inclusion of human rights standards in legal amendments and drafting new legislation; reviewing international human rights treaties that Myanmar has not yet ratified; and strengthening collaboration with international and regional human rights mechanisms, government institutions, and legally set up organizations including non-governmental organizations (NGOs), international non-governmental organizations (INGOs) and civil society organizations (CSOs).

5. Any individual who experiences a violation of their fundamental rights and legal rights may submit a complaint on their own behalf, on behalf of another person, or on behalf of a group. Complaints can be submitted to the Chairperson of the MNHRC at No. (27), Pyay Road, Hlaing Township, Yangon, or to MNHRC branches in Nay Pyi Taw, Mandalay, Pathein and Sittwe, by post, in person at the respective MNHRC offices, by fax: 01-654678, by email: protection@mnhrc.org.mm. The Commission will review and process complaints and cooperate with relevant government authorities to address human rights violations and provide appropriate remedies.

6. In accordance with the MNHRC Law, the Commission submits an Annual Report containing recommendations on the state of human rights in Myanmar and the Commission's activities to the President and Pyidaungsu Hluttaw. If necessary, the Commission may also submit special reports on human rights issues to the President.

7. The Commission is committed to promoting and protecting human rights and urges all relevant stakeholders to actively participate in these efforts. The MNHRC will continue working towards achieving the objectives set out in the MNHRC Law to ensure an effective national human rights institution in Myanmar.

**Myanmar National Human Rights Commission**

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)

February 3

Myanmar National Human Rights Commission is gearing up to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights

Commission Law.

U Kaung Khant Zin, the Assistant Director of the Commission office, gave lectures on human rights at Training Course for Pre-Administration Officer Grade (4) No. (1/ 2025), held at Institute of Development Administration (Mingaladon) of General Administration Department on 3 February 2025 from 10:00 to 11:50. In this context, the Assistant Director hosted by the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the trainees. A total of 139 officers including 84 female officers attended the course mentioned above.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)

February 5

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office, gave lectures on human rights at the Battalion Commander Training Course No. (124, 125) and the Company Commander Training Course No. (227) which commenced at the Myanmar Army Combat Force School (Bahtoo) on 5 February 2025 from 12:00 to 15:00 via Video Conferencing System. In this regard, Dr. Than Myint focused on the lecture on Concept of Human Rights, U Zaw Lwin Htoo covered subjects such as Universal Declaration of Human Rights, Nine Core Conventions and the Organization and Functions of Myanmar National Human Rights Commission. A total of 201 participants attended the aforementioned courses; 112 participants on the Battalion Commander Training Course on No. (124, 125) and 89 participants on the Company Commander Training Course No. (227).

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

February 6

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing awareness to raise public awareness of human rights by disseminating information and educating the public as much as possible. Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office gave lectures on human rights at the Company Commander Training Course No (107, 108) held at the Myanmar Army Combat Force School (Bayintnaung) on 6 February 2025 from 12:00 to 15:00 via Video Conferencing System. In this context, Dr. Myint Thu Myaing presented the lecture on Concept of Human Rights, Daw Mi Mi Khaing covered lectures on the Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 165 participants attended the courses mentioned above.

## The Myanmar National Human Rights Commission inspects the Mandalay Central Prison

February 20

On February 19 and 20, 2025, the inspection team, led by the Chairperson, U Paw Lwin Sein, the Myanmar National Human Rights Commission (MNHRC) conducted an inspection of the Mandalay Central Prison in Aung Myay Thar San Township, Mandalay Region, in accordance with Section 43 and 44 of the Commission Law.

The inspection team inspected to various facilities within the prison including the dormitories, the prison hospital, library, vocational training places for inmates, family visits areas, prison school, jail, kitchen, food storage, water purifiers, and water sanitation systems of the Mandalay Central Prison.

During the inspection, the inspection team privately interviewed the prisoners who wanted to report freely and privately.

The inspection team inquired and checked whether the prisoners were afforded their fundamental rights, including an appropriate food supply, access to healthcare, provision of sufficient purified water. Furthermore, the team inquired whether the prisoners had received items issued by the prison and items sent by their families, and whether they were permitted family visits. Additionally, the team evaluated the conditions of physical activities, right to freedom of religion, access to educational and vocational training, and whether there were instances of human rights violations and torture by prison officials and fellow prisoners. The MNHRC also donated knowledgeable books for the benefit of the prisoners.

The inspection team will send its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

February 24

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Dr. Than Myint, the Commissioners and Acting Director- General Dr. Khine Khine Win, Commission office gave lectures on human rights at the Course for Executive Level Officials No.(11) and Senior Level Officials No.(26) hosted by the Civil Service Academy (Lower Myanmar) on 24 February 2025 from 9:00 to 15:50. In this regard, the Commissioner focused the lectures on Concept of Human Rights, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities and the Acting Director-General addressed the lectures on State Obligation and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). A total of 20 Deputy Director-Generals including 6 female officials attended the Course for Executive Level Officials No. (11) and a total of 42 Directors including 24 female officials at the Course for Senior Level Officials No. (26). The lecturers responded to inquiries from the trainees.

## Legal Awareness Dissemination Seminar

February 24

The Myanmar National Human Rights Commission, in collaboration with the Ministry of Legal Affairs, organized a seminar titled "Legal Awareness Dissemination Seminar" 24-2-2025. The event was conducted in a hybrid format at the Conference Room of the Myanmar National Human Rights Commission office.

## MNHRC Gives Lectures at the National Committee on Prevention and Response to Conflict Related Sexual Violence

February 27

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, Deputy Director of the Commission office, presented the lectures on human rights at the "Capacity Building Training for the staff who related to Preventing for and Response to Sexual Violence during the Conflict" held at Hotel Amara (Nay Pyi Taw) on 27 February 2025 from 14:45 to 16:30. In this context, the Deputy Director covered lecture on the matter of prevention for and response to sexual violence during the conflict from the perspective of human rights. Following the lecture, the lecturer accepted and answered the questions asked by the trainees. A total of 30 trainees including 18 female trainees attended the course mentioned above.

## Status of Handling Complaints

During February 2025, MNHRC received Complaints 34 complaints on the violations addressed to the Commission. The complaint investigation team held 4 complaint screening meetings for examining the complaints and 2 complaints were referred to the departments concerned. In 4 cases, the complainants were advised on more appropriate remedies. The 25 cases were recorded in accordance with the MNHRC Law.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
ဖုန်း- ၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm